# လမင်းမိုမို



# ကျွန်မအချစ်ရဆုံးသော

• ပန်းချီ သိဇာ

(၁)

ကားရှေ့ခန်းထိုင်ခုံကို ခပ်လျောလျောဖြစ်အောင် ခလုတ်ဆွဲပြုပြင်လိုက်ပြီးလျှင် ကားကက် ဆက်ထဲ သီချင်းခွေတစ်ခွေ ထိုးထည့်လျက် ခလုတ်ကို ကျယ်လိုက်သည် ။ ထို့နောက် ‘ကြယ်ပြာ’ သည် ခုံကို မှီလျောကာ ထိုင်ရင်း ရော့ဒ်စတီးဝပ်သီချင်းကို ခေါင်းကလေးလှုပ်ရင်း လက်ကလေး ပေါင်ပေါ် ပုတ်ရင်း စည်းလိုက်နေလေသည် ။

“ကြယ်ပြာရယ် ... မေမေ နားညည်းလိုက်တာ၊ ကားမောင်းရင်း သီချင်းဆူဆူကြီးဖွင့်ရင် ... မေမေ အာရုံပျက်တယ် သမီးရဲ့ ...”

“မေမေကလဲ ... တိတ်တိတ်ဆိတ်ဆိတ်ကြီး ကားစီးရတာ ပျင်းစရာကြီး ...”

ကြယ်ပြာက အထွန့်တက်လိုက်ရင်း ကက်ဆက်ကို လှမ်းကာ မတိုး။ အမူအရာမပျက်ဘဲ သီချင်းတပိုင်း တစပင် လိုက်အော်လိုက်သေးသည် ။

“ခွေးမလေး ...”

သူ့မေမေက ချစ်စနိုးတစ်ချက်ရေရွတ်ကာ ကားကို ဂီယာပြောင်းသည် ။ အင်းလျားလမ်းနှင့် ဝင်ဒါမီယာဆုံရာ ထောင့်စွန်းလေးအနီးအတွင် စားသောက်ဖွယ်ရာနှင့် ပစ္စည်းပစ္စယ တချို့ရောင်း သော သံလွင်စတိုး ဆိုသည့် ဆိုင်လှလှကလေးတစ်ခုရှိရာ မေမေက ကားကိုအရှိန်လျှော့ရင်း ...

"ကြယ်ပြာ ... ဘာစားဦးမလဲ၊ ဘာမုန့်ဝယ်ဦးမလဲ ..."

"ဟင့်အင်း ..."

ကြယ်ပြာက ခေါင်းခါယမ်းရင်း စတိုးဆိုင်ကလေးဆီ မျက်စေ့ရောက်သွားလေသည် ။ ဆိုင်ရှေ့ မှာ တကုန်းကုန်းနှင့် တစ်စုံတစ်ရာ ရှာဖွေနေသယောင်ရှိသော ကောင်ကလေးတစ်ယောက်သည် ရုတ် တရက် ခါးမတ်လိုက်ကာ မိုးကောင်းကင်ကို တစ်ချက်မော့ကြည့်ပခုံးတွန့်ပြီး သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်လိုက်သည် ။ တစ်ယောက်ထဲ အဖေါ်မပါ ဘာမပါ အိုက်တင်ထုတ်တာက များ လိုက်တာ။ အတွေး နှင့် ကြယ်ပြာက မျက်နှာရှုံ့လိုက်ပြီး ချက်ချင်းမျက်နှာပြန်လည် ပြန်တင်းသွားရကာ ...

"ဟာ ..."

ခပ်တိုးတိုး အသံထွက် အံ့သြသွားမိလေသည် ။

"ဘာလဲ သမီး ..."

"ဝယ်မယ်မေမေ ... မုန့်ဝယ်မယ်။ ချစ်ချက် (Chit Chat) စားချင်တယ်၊ ပြီးတော့ ... ချော ကလက်လဲ ဝယ်ပေးပါ မေမေ"

မေမေက တုံ့ကနဲ အရှိန်ရုတ်တရက်လျှော့ကာ ရပ်လိုက်ရလေသည် ။ မေမေ့ကားလေးဘီး စလုံးမှ မငြိမ်ချင်သေး။ ကြယ်ပြာသည် တံခါးဖွင့်ကာ ဖြတ်ကနဲဆို ခုန်ဆင်းပြီး ဖြစ်နေလေပြီ။ ဆိုင် ရှေ့မှာ ခဏရပ်ကာ ဆိုင်ထဲမဝင်သေးပဲ ကားပေါ်မှ မေမေ့ကို စောင့်သလိုလို ဘာလိုလိုနှင့် ကြယ်ပြာ ဟန်လုပ်ကာ နေသည် ။ ဟန်မဆောင်နိုင်သော ကြယ်ပြာ့ မျက်ဝန်းအစုံမှာ ကောင်ကလေးဆီမှာ ...

ယော်ဓာ ...။

ကြယ်ပြာသည် မဖုံးမဖိတ်သူကလေးပီပီ နှုတ်ခမ်းအစုံ ပြုံးရိပ်သန်း

ကာ မဟာတဟ ပွင့်နေမိ လေသည် ။ ယော်ဓာ့ကို သူမအပြင်မှာ တစ်ကြိမ်မှ မမြင်ဘူးပါ။ ခုတစ်ကြိမ်ဟာ ပထမဦးဆုံး။ သို့သော် သူဟာ ယော်ဓာမှန်း ကြယ်ပြာတန်းကနဲ သိပါသည် ။

ကြေးနီရောင်လို့ လူတွေတင်စားခေါ်ဝေါ်ကြတဲ့ အသားအရည်မျိုးထဲမှာ တော့ ယော်ဓာရဲ့ အသားရောင်ဟာ ကြေးနီရောင်နှင့် အနီးစပ်ဆုံး ဖြစ်ပါလိမ့်မည်။ ညိုသော အသားပြင်ပေါ် နေ လောင်ကာ နီရဲနေသည့် အရိပ်က သူ့ကို ကြေးနီရောင်ဖြစ်စေသည် ။ ဆံပင်တွေဟာ တစ်ချောင်းချင်း တိုင်း ကြည့်လျှင် တစ်ပင်နှင့်တစ်ပင် တညီတညာထဲ တိနေမည် ထင်ရလောက်အောင် ဖြောင့်စင်း နွဲ့လျားကာ ညီညာလှပါသည် ။ နောက်ဖက်မှာ လဲ ဂုတ်ပိုးထောက်၊ ရှေ့ဖက်မှာ လဲ မေးစေ့အောက်မို့ ရှေ့ရောနောက်ပါ ဖြီးချထားလိုက်လျှင် သိုးမွေးခေါင်းစွပ်တစ်ခုကို ခေါင်းပေါ်အုပ်ချထားသလို နေပါ လိမ့်မည်။ သို့သော် ရှေ့ကဆံပင်တွေကို ခွဲကြောင်းမရှိ နောက်ဖက်လှန်တင်ထားသဖြင့် နဖူးပြောင် တဲ့ အခါပြောင်၊ ဘေးခွဲဖြစ်တဲ့ အခါဖြစ်၊ အလယ်ခွဲဖြစ်တဲ့ အခါဖြစ်၊ အားလုံးဖြတ်ကနဲ ကျလာကာ မျက်နှာပေါ်အုပ်တဲ့ အခါအုပ် သဏ္ဍာန်မျိုးစုံ ပြောင်းနေသည် ။ သူ့မှာ ထိုဆံပင်တခေါင်းစာအတွက် အတော် အလုပ်ရှုပ်သား။ တော်ကြာလှန်တင်ရ၊ တော်ကြာလှန်တင်ရနှင့်။

ငယ်ထိပ်ကစပြီး ရွှေညိုရောင်ဆေးဆိုးထားတာကိုတော့ ကြယ်ပြာသဘောမကျလှပါ။ နည်း နည်းအောက်တန်းကျသည် ။ ဆံပင်အရောင်ဆိုးတာဟာ ကလေကချေဆန်သည် ဟု ကြယ်ပြာ ယူဆ သည် ။ သို့ပေမယ့် သူနှင့်လိုက်ပါသည် ။ အထူးသဖြင့် သူ့အသားရောင်နှင့် ဟပ်ပါသည် ။ ငယ်ထိပ်မှာ ရွှေညိုရောင် အလက်ဆုံး။ ဆံပင်ဖျားဖက်သို့ တဖြည်းဖြည်း ဆေးဖျော့သွားရာ ဆံပင်ဖျားလေးတွေ ကျတော့ အနက်ရောင် ကျန်နေပါသေးသည် ။

နှာရောင်ထိပ်မှ သန်စွမ်းရှည်လျားသော မျက်ခုံးမျှင်များ ထူအုပ်ကာ နားထင်ဖက်ကို အလုံး သေးပြီးမှ ကွေးချသွားပုံက တမင်တကာ နှုတ်ယူပုံသွင်းထားသလိုကို လှပလွန်းသည် ။ သူ့မျက်ခုံး မှာ သာမန်မျက်ခုံးတွေထက် အလျားရှည်လှတာကိုက ဆွဲဆောင်မှုတစ်ခုပါပဲ။ ပြီးတော့ အံ့ဩစရာ ကောင်းလောက်အောင် အမိပ္ပာယ်တွေ လျှို့ဝှက်ဖုံးဖွက်ထားပုံရသည့် မျက်လုံး။ မျက်ဆန်က တ ဖိတ်ဖိတ်အရောင်လဲ့နေသည် ။

ထင်ပေါ်ပြေပြစ်တဲ့ နှာတံ၊ လှပပုံကျတဲ့ နှုတ်ခမ်းမေးရိုးဟာ လေးထောင့်လဲမကျလွန်း ချွန် လည်း မချွန်မြလွန်းသော ပုံစံနှစ်ခုကြားမှ ပုံအကျဆုံးအနေအထားနှင့် ခိုင်ခံ့နေသည် ။ ကြည့်လေ ကြည့်လို့ ပိုကောင်းလာလေဖြစ်စေသော သူ့တစ်မျက်နှာမှာ ဘာမှန်းမသိတတ်သော ဆွဲဆောင်မှုတစ်ခု ရှိနေပြန်သေးသည် ။

ပေါင်လယ်ထိရှည်ကာ ပွရရနိုင်လှသော တီရှပ်အကြီးကြီး အဖြူရောင်ဝတ်ထားသည် ။ တီရှပ်ဟာ အသားကပ်မို့ အသေအချာကစားမွေးမြူထားပုံရသော ဖြောင့်တန်းကျယ်ပြန့်လှသည့် သူ့ ပခုံးကားကားရဲ့ အလှက သိသာလှပါသည် ။ ရင်ပြင်ကလဲ ကျယ်ပြန့်မောက်ကြွနေကာ မြင်နေရသော တတောင်ဆစ်အောက်ပိုင်းလက်ဖျံတို့မှာ သန်စွမ်းသော အကြောမျှင်တို့ နှင့် အားရစရာကောင်းလှပါ ဘိ။

အစိမ်းပုပ်၊ အနီမှ ိုင်းနှင့် အနက်ကို စိပ်စိပ်ကွက်ထားသော ပွယောင်းလှသည့် ဘောင်းဘီ ကြီးမှာ ပေါင်ဘေးဖက်တွင် အိတ်ကပ်တွေ အိတ်ဖုံးတွေ အထပ်ထပ်နှင့် ပစ္စည်းပစ္စယတွေထည့်ထား သလိုဖောင်းဖုလို့ နေသည် ။ အခုနောက်ပိုင်းခေတ်စားလာတဲ့ အမေရိကန် လမ်းသူရဲတို့ ရဲ့ ဘောင်းဘီ ပုံစံ။ ဘောင်းဘီကို ခါးအောက်လျှောဝတ်ကာ ဘောင်းဘီခွက နေရာမှန်မှာ မရှိပဲ ပေါင်လည်ရဲ့ အောက် ဒူးဆစ်နား

ရောက်လုမတတ်ကျနေကာ ပွအိကျနေသော ခြေဖျားနားခေါက်တင်ထားရတဲ့ စတိုင်ပါပဲ။ အတော်ကို ဗရုတ်သုတ်ခနိုင်လှတဲ့ ဘောင်းဘီ ကို့လို့ ကန့်လန့်ကြီးဟာ ယော်ဓာ့ကို ပိုပြီး တော့ ကြည့်ကောင်းအောင် လိုက်ဖက်လှပါသည် ။

"ဟဲ့ ... ကြယ်ပြာ ... ဘာတွေငေးနေတာတုံး ..."

ဟော ... ကြည့်စမ်း။

ဘေးက မေမေဖြတ်တက်သွားတာပင် မသိလိုက်ပဲ ကြယ်ပြာအူကြောင်ကြောင်ရပ်ငေးနေမိ တာ။ မေမေလှည့်ပြောမှ ခပ်သွက်သွက်ပြေးလိုက်ဝင်သွားရသော ကြယ်ပြာရဲ့ ဦးခေါင်းဟာ နောက် ဖက်ကို လည်ကာသာ။ သူမရဲ့ အကြည့်ကို ယော်ဓာက သတိပြုမိပါသည် ။ ဘယ်နှယ့်လဲ ရုပ်ပျက် လှချည်လားလို့ ရှုတ်ချချင်တဲ့ ဟန် သူ့ကိုယ်သူ ဘယ်ရွှေ့ဘယ်မျှ ကြည့်ကောင်းလှတယ်ဆိုတာ အတိ အလင်းသိပြီး ဟန်ပိုင်နိုင်နိုင်နှင့် မျက်မှောင်ကုတ်ကာ အပေါ်စီးကကြည့်သည် ။

"အော် ... ဟိုမှာ ... ချစ်ချက်လို့ ပြောနေတာကို ..."

ကြယ်ပြာသည် မေမေ့ပြောစကားကြောင့် အတန်ငယ် ရှက်သွားပြီး ခရမ်းရင့်ရောင်ချစ်ချက် ဘူးကို နှစ်ဘူးကောက်ယူလိုက်ရပါသည် ။

"ကြယ်ပြာ ..."

မေမေ့ကို မော့ကြည့်လိုက်လျှင် မေမေ့မျက်လုံးက ကြယ်ပြာထံမှာ ရှိမနေပဲ ဆိုင်ပြင်ဖက်က ယော်ဓာ့ဆီ သက်ာမကင်းသလို ရိပ်ရိပ်မိမိကြည့်နေလျက်သား ...။

"ရှင် ... မေမေ ..."

"ဘယ်သူလဲ ... အဲဒါ ..."

“အဲဒါ ... အဲဒါ ယော်ဓာပေါ့ မေမေ ...”

“ယော်ဓာ ...”

“ဟုတ်တယ်လေ မေမေ ... ကားကြော်ငြာတဲ့ ကောင်လေးလေ၊ ဘီယာနဲ့ အရက်လဲ ကြော်ငြာတယ်လေ၊ ယော်ဓာဆိုတာလေ ...”

သည် တော့မှ မေမေရဲ့ စိုးရိမ်မကင်းမျက်နှာက ကြည်သာလာပါသည် ။ မျက်မှောင်တွန့် လိုက်ကာ ရယ်ချင်ဟန်နှင့် ...

“ဒါများ ၊ ဒီလောက်လိုက်ကြည့်မနေနဲ့ လေ ... ညည်းဟာက လွန်လွန်းအားကြီးတယ် ...”

“အပြင်မှာ ပို ... ပိုကြည့်ကောင်းတယ်နော် မေမေ ...”

“တော်ပါတော့ ကြယ်ပြာရယ် ...၊ ကဲ ... ဆက်ဝင် ဟိုမှာ ချော့ကလက် ...”

မေမေက သူလဲဆက်ဝင်ကာ ဝယ်ချင်စရာတွေ ရှာဖွေရွေးချယ်ဝယ်ယူနေပါသည် ။ ကြော်ငြာ ထဲက မော်ဒယ်ကောင်လေးတစ်ယောက်ကို ကြည့်တာမို့ မေမေက ဘာမှ သိပ်အရေးလုပ်စဉ်းစားနေပုံ မရတော့ပါ။ သို့ပေမယ့် ကြယ်ပြာ့ကိုယ် ကြယ်ပြာ အသိဆုံးပဲ။ ယော်ဓာကို သာမန်သဘောကျနှစ် ခြိုက်ရုံတင်လေးမကသော ကြယ်ပြာသည် ဆိုင်ထဲမှ မြင်နိုင်သလောက် ပစ္စည်းတွေ ဘူးခွက်အထုပ် တွေကြားမှ ခြေဖျားထောက်ကာတစ်မျိုး၊ ငုံ့ကာတစ်မျိုး၊ ခေါင်းလေးထုတ်ကာ တစ်မျိုး ကောင် ကလေးကိုပဲ ငေးကာ ခိုးကာ ကြည့်နေမိပါသည် ။

ဘုရားစူးရစေရဲ့ ...

ကြယ်ပြာ့တစ်သက် ဤမျှစွဲလန်းတပ်မက်ဖွယ် ကောင်းလှသော ကောင်ကလေးမျိုး တစ်ကြိမ် မှ မကြုံခဲ့ဖူးတကား။ ဘယ့်အတွက်ကြော

င့်များ ယောက်ျားတန်မယ့် ဒီလောက်တောင် စွဲမက်ငြိ ထွေးချင်စရာ ကောင်းနေရပါသနည်း။

"ကြယ်ပြာ ဘာယူဦးမလဲ ..."

"ခဏလေး မေမေ ... ဟိုဟာ ..."

ကြယ်ပြာက ဆိုင်အပေါက်ဝနားစင်ပေါ်မှ ဝက်သားလုံးထုပ်ကလေး တွေဆီ လျှောက်လာ ခဲ့သည် ။ အဲဒီနေရာဟာဖြင့် ယော်ဓာနဲ့ အနီးက လေး။ အတော့်ကို အနီးလေး။ ကြယ်ပြာသည် စင် ပေါ်မှာ ဝက်သားလုံး ထုပ်ရွေးချယ်ရင်း အပြင်ကို ကြည့်နေသည် ။ သူကုန်းကွကာ ဘာရှာနေ ပါလိမ့် မလဲ။

"ဟဲ့ ... ကြယ်ပြာ ... မေမေ မပါဘူးလား ..."

ရုတ်တရက် အနီးကပ် နှုတ်ဆက်လိုက်သဖြင့် ကြယ်ပြာလန့်ဖျပ်သွားရင်း ...

"အော် ... အန်တီဦး ...."

"မေမေရော ..."

"ဟိုမှာ ဟိုမှာ ...၊ မေမေ အထဲမှာ ... ပါတယ်အန်တီ"

"ဟော့ ..."

အန်တီဦးက အထဲလုယက်ဝင်သွားသည် ။ တော်ပါသေးရဲ့ ။ မေမေ တို့ အရွယ် သူငယ်ချင်းမ ကြီးတွေ မတွေ့တာကြာပြီး မတော်တဆ ကြုံ ဆုံကြလျှင် စကားဖြတ်မရတတ်၊ ဟီဟိ။ ကြယ်ပြာ သည် လက်မက လေးကော့ကိုက်ကာ၊ ယော်ဓာငုံ့ရှာသလို ဘာများ လဲဟု လိုက်လံငုံ့ကော် ရှာနေမိ လေသည် ။

“ဘာရှာနေတာလဲ ...”

ရုတ်တရက် တင်းမာပြတ်သားသော အသံရှ စူးစူး အက်တက်တက်ကြောင့် ကြယ်ပြာထိတ် ကနဲမျှား ပင် ဖြစ်သွားရပါသည် ။ ဟင် မမျှော်လင့်လိုက်တာ။ ယော်ဆာက ငုံ့ရှာနေသော ကြယ်ပြာ့ကို မေးလိုက်တာကိုး။ ကြယ်ပြာမျက်လုံးဝိုင်းကြီးနှင့် သူ့ကို ကြည့်နေမိသည် ။ အားလားလား အနီးကပ် မြင်ရတဲ့ အခါ သူ့မျက်လုံးဟာ ကြောက်ဖို့ကောင်းလိုက်တာ။ အကြင်နာကင်းမဲ့သော သရော်တော် တော် ကြည့်ပုံကြီး။

“ဘာရှာနေတာလဲ ... လို့ မေးနေတာ ...”

“ယူ ငုံ့ရှာနေတာကို ကိုယ်လဲ လိုက်ရှာနေမိတာ”

“ကိုယ်ဘာရှာနေလဲသိလို့ လား ...”

“မသိဘူး ...”

“ကြောင်လှချည်လား၊ ဘာမှန်းမသိရှာနေတော့ ... တွေ့ရင်ကော တွေ့မှန်း မင်းကသိမှာ လား ...”

“ထူးထူးခြားခြား တစ်ခုခုဖြစ်မယ်ထင်လို့ ပေါ့၊ သကြားလုံးတစ်လုံး လောက် ပြုတ်ကျ ပျောက်သွားတာလောက်တော့ ဘယ်ကမလဲ ...”

ကြယ်ပြာအခံရခက်ခက်နှင့် မျက်စောင်းရွယ်ကာပြောလိုက်သည် ။ ယော်ဆာက ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

“ကိုယ့် ဟဲန်းချိန်းတစ်ခုပါ ...”

“ဟင် ... ဟုတ်လား ... နေဦး ...”

ကြယ်ပြာသည် ကိုယ့်ကိုကိုယ် အိုက်တင်လုပ်ဖို့ မှ သတိမရ။ တကုန်း

ကုန်းနှင့် စင်တွေ အောက် ဟိုဖက် ဒီဖက် ငုံ့ကာကိုင်းကာ ရှာနေမိလေသ ည် ။ အမလေး သူ့ ဝေါကင်းရှူးဖိနပ်အောက်ခံ မျက်နှာပြင်က ကားတာ ရာအသစ်ကြီးလို အထစ်အထစ်ဖုလို့ ။ အရေးထဲ သူ့ဖိနပ်က မြင်ကွင်းထဲ ရောက်လာနေသေးသည် ။

ရှာဖွေရင်း နောက်တစ်လှမ်းဆုတ်လိုက်သော ကြယ်ပြာသည် ခုနက မိမိနင်းထားသော အခင်းနေရာမှာ မှိန်မှိန်ကလေး လက်နေသော က မ္ဘာ့အသေးမျှင်ဆုံး ရွှေကြိုးလေးတစ်ကြိုးကို အမှတ်မထင် မြင်တွေ့ လို က်လေသည် ။ မြင်မြင်ချင်း အဲဒါဟု ပင် မထင်။ ကြယ်ပြာရှာနေတာက ထုထု ထည်ထည် ဖုဖုထစ်ထစ် ရွှေဟဲန်းချိန်းမျိုး။ တွေ့နေတာက အပ်ချ ည်မျှင်လောက်။ မရဲတရဲနှင့် ကောက်ယူကာ ...

"ဒါလား ..."

ယော်ဇာက ခါးထောက်ကာ တစ်ဖက်လှည့်နေရာမှ လှည့်ကြည့်ရင်း ...

"အိုး ... ယက်စ်၊ သင့်ခ်ယူပဲ ..."

ကြယ်ပြာလက်မှ ဖျတ်ကနဲဆွဲယူလိုက်သည် ။

"ဒီလောက်မျှင်တာလေးဖြစ်နေမှ တော့ ပြုတ်ကျရော့ပေါ့၊ ကြီးကြီးဝ တ်ပါလားလို့ ..."

ယော်ဇာက ကြယ်ပြာအာချောင်လိုက်တာကို ဗွေယူပုံမရ။ ဘေးနား ချထားသော သူဝယ်ယူ ထားသည့် ပစ္စည်းကြွပ်ကြွပ်အိတ်အပြည့်ကို ကောက်ဆွဲလိုက်ရင်း ...

"သွားမယ် ..."

လက်တစ်ဖက်မြှောက်ကာ နှုတ်ဆက်လှည့်ထွက်သည် ။ ကြယ်ပြာ

သည် မအောင့်နိုင်သလို ကြည်နူးပြုံးလေးနှင့် …

"ဟော့ … ယူ … ယော်ဓာ မဟုတ်လား …"

သေသေချာချာသိပါလျက် မေးဖြစ်လိုက်သေးသည် ။

"ဟုတ်တယ် …"

ပြောပြောဆိုဆို သူက ခြေလှမ်းကြဲနှင့် ခပ်လှမ်းလှမ်းမှ ဆိုင်ကယ်တစ်စီးဆီ လှပမတ်ကျော့ စွာ လျှောက်သွားလေတော့သည် ။ အားနာပါးနာ မိတ်ဆွေဖြစ်လိုပုံနှင့် 'မင်းကော'လို့ တောင် သိချင်မှုမပြ။ အတော်ကြီးကို လူပါးဝမယ့် စတိုင်ပဲဆိုတာ သိသိကြီးနှင့်ကို ကြယ်ပြာသည် ရင်တဆတ်ဆတ်ခုန်ကာ အပြုံးတစ်ဝက်နှင့် ကြက်သေသေကျန်ရစ်ခဲ့သည် ။

*

"ကြယ်ပြာ … ဖုန်းလာတယ် …"

မေမေ့ အော်ခေါ်သံကြောင့် ကြယ်ပြာ ဒိုင်ယာရီ ရေးနေရာမှ ပြေးထွက်လာခဲ့သည် ။ ဒိုင်ယာရီ ကို ကြယ်ပြာ နေ့စဉ် မရေးပါဘူး။ အထူးတလည်လေးရှိမှ ။ ဒီနေ့ညကတော့ ရေးရမယ်လေ။ ကမ္ဘာ့ အထူးတလည်ပဲဟာ။ ညနေခင်းက ယော်ဓာနှင့် တွေ့ခဲ့တာ။

"သမီးလေး … သိပ်မကြာနဲ့ နော် … မေမေလဲ ဖုန်းဆက်ဖို့ ရှိတယ်၊ ည၉့သိပ်နက်သွားမှာ စိုးလို့ …"

"ဟုတ်ကဲ့ မေမေ …"

ကြယ်ပြာ ဖုန်းကောက်ကိုင်လိုက်သည် ။

"ဟယ်လို …"

"ကြယ်ပြာ … ငါပါ …"

“အေး … ပြော … ဒါလီ၊ ငါလဲ နင့်ကို ပြောစရာတစ်ခုရှိသေးတယ် …”

“အမယ်၊ ငါ့စကားက သိပ်အရေးကြီးတာ … ငါပြောပြီးရင် နင်ပြော စရာရှိတာကို နင် မေ့သွားစေရမယ် …”

“မမေ့သေးဘူးနော် … ငါပြောမယ့်ဟာက … နင့် စကားထက် အဆ ရာထောင်အရေးပါနေ မှာ သေချာတယ် ဟဲ ဟဲ …”

“ပြောအားရှိလှချည်လား၊ နားဆင်ကြည့်ပါဦးကွဲ့၊ ကိုယ့်စကားကို … ”

“အေးပါ … နင်က ဆက်တာဆိုတော့ နင်ပဲ အရင်ပြောပါ၊ ဒါပေမဲ့ ငါ့ စကားကိုကြားမှ အမလေး အရေးပါလှပေရဲ့ ဆိုပြီး နင့်ရဲ့ အရေးမပါတဲ့ စကားကို ရှက်ပြီး ပြန်မမြိုမိပါစေနဲ့ …”

“ခွေးမ … သတိကောင်းကောင်း ထားနော် … ဒီမှာ … ငါ ယော်ဇာ့ရဲ့ ဓါတ်ပုံတစ်ပုံတွေ့ထား တယ် … ကိုယ့်လူ …”

“ဘုရားရေ …”

ကြယ်ပြာ အလန့်တကြားဘုရားတလိုက်မိပါသည် ။

“ဟဲ ဟဲ ဟဲ … သိပ်လန့်သွားသလား ညီမလေး …”

ကြယ်ပြာ စကားမပြန်နိုင်ဘဲ ငြိမ်သက်နေရင်း ရင်တထိတ်ထိတ် ခုန် လာသည် ။ ကြည့်စမ်း၊ တိုက်ဆိုင်လိုက်တဲ့ အခြေအနေ။ ကြယ်ပြာ ယော် ဇာ့ကို လူကိုယ်တိုင်တွေ့ခဲ့သော နေ့မှာ ဒါလီက ဓါတ်ပုံတွေ့လာသည် ။ ယော်ဇာ့ကို ကြယ်ပြာ ဘယ်လောက်နှစ်သက်သဘောကျသလဲဆိုတာ ဒါ လီ တော်တော်ကြီး သိပါသည် ။ ဒါကြောင့်လဲ သူ အထူးတလည် ဖုံးဆ က်ပြောတာ။

“စကားမေးတောင် မရတော့ပါလားကွယ် … သွပ် … သွပ်”

“ဒါလီ … ငါပြောမှာ လဲ ယော်ဆာပဲ … ဒီနေ့ ငါယော်ဆာ့ကို ဝင်ဒါမီယာထိပ်မှာ တွေ့ခဲ့တယ်၊ ပြီးတော့ … စကားလဲ ပြောခဲ့ရတယ် သိလား …”

“ဘုရားသခင် … ဒင်းတို့ က စကားတောင် ပြောခဲ့ကြပြီတဲ့ … ဟုတ်လား …”

“အင်း …”

ကြယ်ပြာက အဖြစ်အပျက်ကို အသေးစိတ်စိတ်နှင့် ခပ်မြန်မြန်လေး ပြောပြလိုက်ပြီး …

“ငါခုပဲ … ဒိုင်ယာရီထဲ ရေးနေတာ၊ ဒါလီ … ငါယော်ဆာ့ခါတ်ပုံဆိုတာကို လိုချင်တယ်၊ နင် ဘယ်မှာ တွေ့ခဲ့တာလဲ …”

“ဒုက္ခပါပဲနော်၊ နင်လိုချင်လို့ ရမလားဟဲ့၊ သူများ ဆီမှာ တွေ့ခဲ့တာ …”

“ဘယ်သူ့ဆီမှာ လဲ …”

“အမကြီးတစ်ယောက်ဆီမှာ တွေ့ခဲ့တာ … ငါ့ အမဝမ်းကွဲတွေ နယ်ကရောက် လာပြီး ငါတို့ အိမ်မှာ တည်းနေကြတာ သိတယ်မှ လား၊ အဲဒီထဲက မမယမင်းက သူ့သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ချင်လို့ လိုက်ပို့ပါဆိုလို့ …ငါစမ်းချောင်းကို လိုက်ပို့ရတယ်၊ မမယမင်းရဲ့ သူငယ်ချင်း အမကြီး ပေါ့၊ သဒ္ဒါတဲ့ ၊ မမတို့ စကားပြောနေတုန်း ငါက စားပွဲအောက်က အယ်လ်ဘမ်ထုတ်ကြည့်တာ၊ ယော်ဆာ့ပုံကို တွေ့တာပဲ …”

“ဘယ်လိုပုံလဲ …”

"ကြော်ငြာရိုက်ရင်း ရိုက်ထားတဲ့ ဓါတ်ပုံဖြစ်မယ်၊ ကားကြော်ငြာထဲက ရုပ်အင်္ကျီအနီကွက်နဲ့ ပဲဟ ... အရမ်း အရမ်းကို လှတာပဲ ..."

"နောက်မှာ စာရေးထားလား ..."

"နင့်ဘိုးအေ ... ငါက အယ်လ်ဘမ်ထဲက ဆွဲထုတ်ပြီး နောက်လှန်ကြည့်ရမှ လား၊ အင်မတန် ရုပ်ဆိုးသွားမှာ ပေါ့ဟဲ့ ..."

ကြယ်ပြာသည် ဒိတ်ဒိတ်တိုးနေသော ရင်ဘတ်ကို လက်ကလေးနှင့် ဖိရင်း

"ဒါဖြင့် အဲဒီမသဒ္ဒါနဲ့ ဘယ်လိုပတ်သက်လဲ မသိဘူးလား ..."

"ဘယ်နေမလဲ ... ငါတော့ စပ်စုတာပေါ့၊ မမရေ ... ဒါယော်ဓာ မဟုတ်လားလို့ ပြုပြီးမေး တာပေါ့ ... အဲဒီ အမကြီးက ရယ်တယ်၊ ဟုတ်တယ်တဲ့ ၊ ငယ်ငယ်ကထဲကခင်နေကြတာ သူငယ်ချင်း ပဲတဲ့ ၊ သူပေးထားတာတဲ့ "

ကြယ်ပြာ တခဏစဉ်းစားရင်း

"ရည်းစားဖြစ်နိုင်လား ..."

"မဖြစ်နိုင်ဘူးထင်တယ်၊ အဲဒီအမကြီးပုံစံက ယော်ဓာ့ကို ကြော်ငြာတွေရိုက် ဘာတွေရိုက်နဲ့ ရယ်စရာ ငပေါလေးလို့ သဘောမျိုးဖြစ်နေပုံပဲ ... သူက အဲဒါမျိုးတွေ သိပ်ရူးတာတဲ့ ၊ သိပ်လဲ စိတ်ဝင် တစား ရှိလှပုံ မရပါဘူး ..."

"ဟုတ်ရဲ့ လား ..."

"ငါ့အမြင်နဲ့ ငါ့အထင်ပဲလေ ..."

ကြယ်ပြာခေါင်းလေး တဂျိဂျိကုတ်ဖွရင်း

"ဟယ် ... အဲဒီခါတ်ပုံ ငါလိုချင်လိုက်တာ ..."

"သေလိုက်ပေ့ါ ...၊ သွားတောင်းလို့ ရမလား ..."

"နေပါဦး၊ အကြံထုတ်လိုက်ပါဦးမယ် ...၊ ငါလိုချင်တယ် ...၊ ငါလိုချင်ရင် ရ ရတာချည်းပဲ၊ မရတာ မရှိနိုင်ဘူး"

"မိတ်ဆက်စာရေးပြီး ခါတ်ပုံတောင်းလိုက်ပေ့ါ ..."

"မိတ်ဆက်စာရေးရမှာ က အောက်ပါတယ်၊ သူတို့ တွေက မိတ်ဆက်စာဆိုတာမျိုးကို အရေး လုပ်ပြီး လေးစားချင်မှ လေးစားမှာ ၊ သင်းသင်းတို့ မိတ်ဆက်စာရေးတာလဲ မပြန်ဘူးလို့ ပြောသံ ကြားတယ်၊ ငါက အားပေးတဲ့ လေးစားတဲ့ အနေနဲ့ မိတ်ဆက်ချင်တာမျိုးလဲ ဟုတ်မှ မဟုတ်တာ၊ ခါတ်ပုံလိုချင်တာ ...၊ ရဖို့ မလွယ်ပါဘူး၊ ငါသူ့ကို ဒီနေ့ အနီးကပ်တွေ့လိုက်ရပြီပဲ ...၊ သူဟာ အားနာတတ်တဲ့ လိုက်လျောတတ်တဲ့ သဘောကောင်းတဲ့ လူမျိုးဟုတ်ပုံမရဘူး၊ ကြောမဲ့ပုံ၊ တင်စီး မဲ့ပုံ၊ လူပါးဝမဲ့ပုံဟ ..."

"အမလေးနော် ...၊ ဒီလို လူပါးဝမဲ့ပုံမျိုးမှန်း အကဲခတ်နိုင်ရင်လဲ နင်ကဒီလိုဖြစ်မနေနဲ့ တော့ ...၊ လုပ်မနေနဲ့ "

"မရဘူးဟ ..."

"ဘာလို့ မရရမှာ လဲ ...၊ ကိုယ့်ကို မိတ်ဆက်ချင် သိချင် ခင်ချင် ချစ်ချင်တာတွေ ရိုက်သတ် လို့ တောင် မကုန်ဘူး၊ လူပါးဝမဲ့ပုံကို အောက်ကျနောက်ကျ လိုက်ကြိုက်မနေနဲ့ ..."

"မဖြစ်ဘူး ဒါလီ ...၊ မကြိုက်ဘူးလို့ လွယ်လွယ်လေး ပြောလိုက်လို့ မဖြစ်တော့ဘူး၊ ကြိုက် တယ်ဟ၊ ငါက ကြိုက်နေပြီ ...၊ ဒုက္ခပဲ၊ ငါဒုက္ခရောက်တော့မယ်ထင်တယ် ..."

ကြယ်ပြာ မျက်နှာကို ဘယ်လက်ဖဝါးလေးဖြင့် အုပ်ပြီး ခေါင်းငိုက်စိုက်ချထားမိသည် ။ တကယ့်ကို ဒုက္ခပဲ ထင်ပါရဲ့ ။ တီဗွီထဲမြင်ပြီး စွဲလန်းနေရတာပင် အတော်ကြီးကို ခံစားရခက်လှပြီ။ ခုလို နီးနီးကပ်ကပ် မြင်လိုက်တော့ ပိုဆိုးပြီ။ ကြယ်ပြာသူ့ ဟန်ပန်ကိုလဲ မမေ့။ သူ့အသံလေးကိုပင် မမေ့။ ပြန်စဉ်းစားလိုက်တိုင်း နှလုံးသားကို လက်ကကိုင်ဆွဲပြီး တိုင်မှာ လွှဲရိုက်နေတာ ခံနေရသလို မချိမဆန့် ရှိလှသည် ။

မေမေသိရင်တော့ ဆူလိမ့်မယ် ထင်ပါရဲ့ ။

ကြယ်ပြာ တကြိမ်သာ လူကောင်လိုက်မြင်ဖူးရသေးတဲ့ ကောင်လေးတစ်ယောက်ကို ချစ်မိပြီ။ ရင်ခုန်လှုပ်ခတ်ချင်စရာ ကိစ္စလေးတွေ မကြာမကြာ ကြုံဖူးပေမယ့် တကယ်တမ်း စွဲစွဲလမ်းလမ်း ဖြတ်မိတာမျိုး ရယ်လို့ မဟုတ်ပဲ။ သူငယ်ချင်းတွေနှင့် စမြို့ပြန်ရယ်မောဖို့ လောက်သာ သဘောထား လျက် ဖြူဖြူစင်စင်ကလေး ဆေးရောင်မထင် မညစ်ပေသေးဘဲ ရှိနေသော ကြယ်ပြာ့နှလုံးသား နုနုနယ်နယ်ကလေးဟာ မကြာခင် ကွဲကြေအောင် ဖိချေခြင်းခံရတော့မည် ထင်ပါရဲ့ ။

သူနှင့်ပတ်သက်ရလျှင် ပျော်ရွှင်နှစ်သိမ့်ကြည့်နူးရလိမ့်မည်။ ပန်းခင်းလမ်းလို အေးချမ်း သာယာရလိမ့်မည်ရယ်လို့ ကြယ်ပြာလုံးဝဆို လုံးဝ မထင်မိပါ။ မသိစိတ်ကကိုက သူ့ကို ပတ်သက် လျှင် တနေ့အသဲကွဲရလေမလားလို့ တထင့် ထင့် သေချာသယောင် ဟောကိန်းထုတ်နေရင်းကြားမှ ကြယ်ပြာသူ့ကို ချစ်မိပြီရယ်လို့ ပဲ ဖွတ်ထိုးရှုးမူးခံစားနေမိပါပေါ့လား။

အံ့ဩဖွယ် ဆန်းကြယ်ပေစွ။

အချစ်ဆိုတာကို ကြယ်ပြာကောင်းကောင်း ကြီး နားမလည်ပါ။ ကြယ်ပြာ ဘာဗသုသုတ မှ လဲ မရှိပါ။ သို့ပေမယ့် ယော်ဓာ့ အပေါ်စွဲလမ်းမှုကို အချစ်လို့ ဘာကြောင့်များ ထင်မိပါသနည်း။ ရက်စက် တတ်မည့်အ

သွင် သူ့မျက်ဝန်း ခပ်ရိုင်းရိုင်းများကို သတိရမိသောအခါ ကြယ်ပြာ ကြက်သီးမွေးညင်း ထမတတ် ထိတ်လန့်တကြား ခေါင်းနပန်းကြီး ရပါသည် ။

သေချာသည် ။

ကြယ်ပြာကြောက်ကြောက်နှင့်ပင် ဒင်းကိုချစ်နေပြီ။

*

အဖွားတို့ အိမ်ကြီးဟာအကြီးကြီး ဖြစ်သော်လည်း ဆော့ကစားစရာ ခြံကျယ်ကြီး ရှိသော် လည်း ကျွန်မတို့ အရင်အိမ်တုန်းကထက် ပိုမိုကောင်းမွန်သော စားကောင်းသောက်ဖွယ်များကို စားရသော်လည်း ကျွန်မအရင်ကလို မပျော်တော့ပါ။

*

"အမေ … ကျွန်မတို့ ဒီအိမ်မှာ တစ်သက်လုံးနေရတော့မှာ လားဟင် …"

တစ်နေ့တွင် ကျွန်မသည် ကျွန်မအနားသိပ်မကပ်လှသော အမေ့ကို အလစ်ချောင်းဖမ်းပြီး တွေ့သည် နှင့် သိလိုရာကို ကမန်းကတန်း မေးရပါသည် ။ အမေက နှစ်ချောင်းထိုးအပ်နှင့် သိုးမွေး ထိုးနေရာမှ မော်မကြည့်ဘဲ …

"ဘာဖြစ်လို့ လဲ … ဒီမှာ မပျော်လို့ လား …"

"မပျော်ဘူး အမေ … ပြီးတော့ …"

ပြီးတော့ အမေကလည်း ကျွန်မနားမကပ်ဘူးဟု ပြောချင်သည် ကို ကျွန်မမြိုချလိုက်ရပါ သည် ။ အမေ စိတ်ညစ်နေတာကို ကျွန်မနားလည်

ပါသည် ။ အဖေလည်း ဆုံးပြီးစ ခြေစုံကန်ခဲ့သော အိမ်ကြီးပေါ် မျက်နှာအောက်ချကာ ပြန်တက်လာရသလိုရှိသော အမေသည် အကို အမတွေနှင့်လည်း မတည့်လှပါ။ မတည့်ဘူးဆိုတာထက် အမေ့ အကို အမများက အမေ့ကို အရေးမလုပ် နွေးထွေးမှုမရှိ အပြစ်ရှာသလို ကြည့်နေတတ်ကြတာဖြစ်သည် ။ ထို့ကြောင့် အမေပိုပြီး စိတ်ဆင်းရဲနေတာကို ကျွန်မသိပါသည် ။

သို့ပေမဲ့ အမေသည် စိတ်ဆင်းရဲသည့်အတွက် ငေးမှိုင်ငိုကြွေးနေတာမျိုးမရှိ။ သူကလဲ ဘယ်သူ့ကိုမှ ဂရုမစိုက်သလိုနေကာ အပြင်ထွက်သည် ။ လည်ပတ်သည် ။ သူငယ်ချင်းတွေ လာခေါ် လျှင် လိုက်သွားသည် ။ ထိုအခါ ကျွန်မမှာ အမေ့ကိုဂအောင် တွေ့ရသည် ရယ်လို့ မရှိပါ။

အမေ အပြင်သွားလျှင် အဖိုးက အိမ်မှာ တပြစ်တောက်တောက်နှင့် အမေ့ကို ပြစ်တင်ရေရွတ် ဆဲဆို နေတတ်ပါသည် ။ အမေမကြားသော်လည်း ကျွန်မက ကြားနေရသဖြင့် စိတ်အားငယ်လှပါ သည် ။ အဖိုးမျက်နှာကြီး တင်းပြီး အမေ့ကို အပြစ်ပြောနေလျှင် ကျွန်မမှာ နေစရာမရှိ။ ချောင်ထဲ တိုးကပ်ကာ ကြိတ်ငိုနေရပါသည် ။ ထိုအခါတွင် နွေးထွေးသော အရိုးပြိုင်းလက်တစ်စုံက ကျွန်မကို ချောင်ထဲမှ ထုတ်ခေါ်သွားကာ သူ့ခုတင်ပေါ်တင်ပြီး မုန့်တစ်ခုပြီးတစ်ခု ထုတ်ကျွေးတတ်ပါသည် ။

အဖွားသာ ဤအိမ်မှာ မရှိလျှင် ကျွန်မဘဝကို မတွေးရဲပါတကား။ အဖိုးသည် ကား ကျွန်မကို ချစ်ပုံမပေါ်သည် မှုမက ရွံရှာစက်ဆုပ်ပုံပင်ရပါသေးသည် ။

"ဟိုမှ င်စာမလေး ဘယ်မလဲ ...ဟဲ့ ကောင်မလေး၊ ညည်း အမေဘယ်သွားတာလဲ ..."

အဖိုးအသံမာမာနှင့် မေးလိုက်လျှင် ကျွန်မသည် မခိုင်းရဘဲ အလိုအ

လျှောက် လက်ပိုက်ပြီး သားဖြစ်သွားရလျက် ...

"မသိပါဘူး အဖိုး ..."

"တစ်နေ့တစ်နေ့ ထွက်နေ၊ မွေးထားတဲ့ ကလေးကိုလည်း ပစ်ထား၊ ဒီဟာမလေးကလည်း စကားစလိုက်ရင် မျက်လုံးပြူးပြီး မျက်ရည်ယိုဖို့ လောက်ပဲသိ ... မြင်ပြင်းကိုကပ်တယ်၊ သွား ... ငါ့ မျက်စိရှေ့မနေနဲ့ ..."

"တော်က ဒီလောက် သရဲမရဲစီးတဲ့ ရုပ်ကြီးနဲ့ ဟောက်နေတာ ... ကလေးပဲ ... လန့်ပြီး ငိုချင်မှာ ပေါ့တော့ ..."

အဖွားက ဝင်ကာကွယ်တတ်သည်။

"ညည်းကာဆီးကာဆီးမပါပါနဲ့ ၊ ဒီဟာမလေးကို လက်တောက်လောက်ကထဲက သေချာ အပိုးချိုးထားရမယ်၊ ဟဲ့ ဟာမလေး ... နင် ဘယ်မှ လည်ရမယ်များ စိတ်မကူးနဲ့ ၊ နေရင်ထိုင်ရင် လည်း အပိုးကျိုးကျိုး နေ၊ တစကကလေးမှ မျက်နှာသာပေးမယ်များ မထင်နဲ့ ၊ ကြိမ်လုံးကို သာရှု ထား၊ ငါ ဘယ်လိုရိုက်သလဲ ...နင့်မောင်နှမတွေ မေးကြည့်ထားဦး၊ နင့်ကိုကျ သူတို့ ထက်ဆိုးမယ် ဆိုတာ ကောင်းကောင်း မှတ်ထားပါ ..."

"တော် ... ဘယ်နှယ့်ဖြစ်နေတာလဲ၊ ကလေးမှာ ဘာမှ မလုပ်ရသေးပဲနဲ့ ၊ အပြစ်ရှိလာမှ ဆူပေါ့တော့၊ ဒီမျက်နှာငယ်ကလေးကိုပဲ ဖိပြောနေ၊ တော့်ကို အသားလွတ် ကြောက်နေတဲ့ မြေး ပေါက်စနကို အာဏာတွေပြပြီး ဖြဲခြောက်နေရတာ ရှင်မရှက်ဘူးလား၊ ရှင်သတ္တိ သိပ်ကောင်းရင် ရှင့်သားကြီး လူမိုက် အရက်သမားကို လိုက်ရိုက်ပါလား ..."

"တယ် ... အဖွားကြီးအိုမ ... ငါကန်လိုက်ရ ..."

အဖိုးက ထိုင်ရာမှ ထကာ ကန်မည်ပြင်လျှင် အဖွားက ကျွန်မလက်

ကို ဆွဲပြီး လွတ်ရာကျွတ်ရာ သို့ ရှောင်ပြေးခဲ့သည် ။ ထိုအဖြစ်မျိုးသည် နေ့စဉ်နှင့်အမျှ ...။ ကျွန်မ ဘယ်မှာ ပျော်နိုင်ပါမည်နည်း။

"ပြီးတော့ ... ဘာဖြစ်တုန်း ..."

ငေးတွေးနေသော ကျွန်မကို မေမေက စကားဆက်ဖို့ ထောက်လိုက်သည် ။

"ပြီးတော့ ... ပြီးတော့ ... အမေ့ အကို အမတွေရဲ့ သားသမီးတွေက ကျွန်မကို ကစားရင် သိပ်ညစ်တယ် အမေ၊ ညစ်တယ်လို့ ပြောရင်၊ မပါနဲ့ ပေါ့လို့ ပြောကြတယ်၊ ကျွန်မကို ကစားရင်းနဲ့ လည်း ထုတယ် ရိုက်တယ် ၊ မြင်ရက်သားနဲ့ သူတို့ မိဘတွေက ဘာမှ မပြောဘူး၊ ကြည့် ကောင်း ကောင်း နဲ့ ကြည့်နေတာ၊ ဟိုတစ်နေ့က ကျွန်မလောက်စလုံးက လက်ချိ န်ဆလွဲပြီး ဖိုးကျော် ညို့တကျည်းကို မတော်တဆထိသွားမိတော့ ဖိုးကျော်အမေက ကျွန်မကို ကျောကိုလာချတယ် အမေ၊ ကျွန်မ မနေချင် ဘူး ..."

အမေသည် စိတ်ရှုပ်သလို သိုးမွေးထိုးတံကို ပေါင်ပေါ်ချလိုက်သည် ။

"သူတို့ တစ်တွေက ဥစ္စာရှုးနေကြတာ သမီးရဲ့ ၊ ဂရုမစိုက်စမ်းပါနဲ့ ... "

"ဘာလို့ ဥစ္စာရူး ရူးနေတာလဲ အမေ"

"အမေ့ကို ... အမွေဖြတ် ... စွန့်လွှတ်ထားတော့ ... ညည်း ဦးကြီး ဒေါ်ကြီးလေးယောက်က ပစ္စည်းဥစ္စာကို လေးပုံခွဲယူရမယ်ပဲ ထင်နေတာ ၊ အမေပြန်ရောက်လာတော့၊ ငါးပုံပုံရမှာ သူတို့ တွေ ကြောက်နေတာ ပဲအေ့၊ ဒါတွေများ ငါက မမက်သေးဘူး၊ မမက်လို့ ညည်းအဖေ လူဆင်း ရဲနောက် လိုက်သွားတာပေါ့၊ ဒါပေမဲ့ ဒင်းတို့ က မပေးချင်ဘူးဆိုမှ တော့

ငါက ရအောင်ယူရဦးမအေ့၊ ဒီအိမ် ပေါ်က ထွက်သွားလို့ ကို မဖြစ်ဘူး၊ နေကိုနေရမှာ ...”

“အဲဒါ မယူကြပါစို့နဲ့ အမေရယ် ... ဒီမှာ ကျွန်မ မပျော်ဘူး ...”

“ခဏနေရင် နွေရာသီ ကျောင်းပိတ်ရက်ကုန်ပါပြီအေ ... အဲဒီကျ ကျောင်းပြန်တက်ရတော့ မှာ ပဲ၊ သူတို့ နဲ့ တစ်နေကုန် မတွေ့ရတော့ပါ ဘူး၊ အိမ်ပြန်ရောက်ရင် ကိုယ့်စာကိုယ်ကျက်နေပေ့ါ ... သူတို့ ကလေး တွေနဲ့ သွားမဆော့နဲ့ ...”

တခြားကလေးတွေ တရုန်းရုန်း ဆော့မြူနေတာကို မြင်သာမြင်ရပြီး ဝင်မပါရဘဲ ဘယ်ကလေးက စိတ်ချမ်းသာနိုင်မှာ တဲ့ လဲ အမေရယ် ...။

“အမေ”

“ဘာလဲ ...”

“ဒါဖြင့် အမေအပြင်သွားရင် လိုက်ချင်တယ် ...”

“အို ... ညည်းကလဲအေ ... တစ်မျိုးပြီးတစ်မျိုး ... ကိုယ့်ဟာကိုယ်နေ စမ်းပါ၊ အပြင်ထွက် နေတာ ငါပျော်လို့ ထွက်နေတာ မဟုတ်ပါဘူး၊ စိတ် ညစ်လို့ ထွက်နေတာ။ ညည်းက တန်းလန်းပါ နေရင် ပိုပြီး စိတ်ရှုပ်ရဦး မယ် ...”

“ဒါဖြင့် အမေ ကျွန်မနဲ့ အိမ်မှာ ပဲနေပါလား ...”

“ဟဲ့ ... ငါချမိတော့မယ်နော် ... တတွတ်တွတ်နဲ့ နားပူနေ၊ ငါ့မှာ စိတ်ဆင်းရဲရတဲ့ ကြားထဲ ... ညည်းက တမှောင့် ...”

ကျွန်မသည် ဝမ်းနည်းစွာ အမေ့ဒူးကို ဖက်ထားပြီး ငိုနေမိသည် ။ ထို အခိုက် အဖွားဝင်လာ ကာ အခြေအနေကို သဘောပေါက်သကဲ့သို့ ...

“ဟဲ့ … မိကြိုင် အပြစ်မဲ့တဲ့ ကလေးကို ညည်းစိတ်ညစ်အောင် မလုပ်နဲ့ အေ … ငါ ဒါပဲ ပြောမယ်၊ တစ်နေ့တစ်နေ့ သူခမျာ ငါ့နားပဲ ကပ်နေရတယ် … ညည်းနဲ့ နေသခိုက်လေး ကလေးကို ပျော်ရွှင်အောင် လုပ်ပါအေ့ …”

“မဟုတ်ပါဘူး အမေရယ်၊ ကျွန်မစိတ်တွေ ရှုပ်လွန်းလို့ ပါ … တိတ် … တိတ် … သမီး၊ ဒီမှာ ကြည့်စမ်း၊ အမေ သမီးဖို့ ထိုးနေတာ၊ ပန်းနုရောင်ကလေး ဘယ်လောက်လှသလဲ … အောက်က အင်္ကျီခံပြီး အပေါ်က ထပ်စွပ်ဖို့ လည်ပင်းကျယ်ကျယ် လက်ပြတ်ကလေးပေါ့ …”

“ဟင် … ဒါ… ကျွန်မဖို့ လား …”

“ညည်းဖို့ မဟုတ်လို့ ဘယ်သူ့ဖို့ ရှိပ့ါမလဲ …”

“အမေ့ကလေးဖို့ လားလို့ …”

“ဘယ်က …ငါ့ကလေးလဲ …”

“ဟိုလေ … အမေ့ဗိုက်ထဲမှာ …”

အမေ့မျက်နှာက စိတ်ရှုပ်သလို မှုန်ကုတ်သွားပြန်ပါသည် ။

“ညည်းအမေဗိုက်ထဲ ဘာမှ မရှိတော့ဘူး မြေးလေးရဲ့ ၊ ညည်းအမေ နေမကောင်းဖြစ်တာနဲ့ အထဲက ကလေးလည်း ဆုံးသွားတယ် … မြေးရဲ့ …”

“ဟင် … ဆုံးသွားတယ်”

“အို … ဆုံးသွားတယ်ဆိုပေမယ့် စိတ်မညစ်ပါနဲ့ မြေးလေးရယ်၊ ဝမ်းနည်းစရာ သိပ်မ ကောင်းပါဘူး၊ ကလေးလေးက အစထဲက အသက်မရှိသေးတာပါ၊ သေးသေးလေးမှ ဟောဒီက ကွမ်းသီးလေးလောက် ရှိသေး

တာပါ မြေးရဲ့ ၊ လူလည်း မဖြစ်သေးပါဘူး၊ အလကားလေးပဲ ရှိသေးတာ၊ ညည်းအမေ နေမကောင်းလို့ လှေကားထိပ်မှာ မူးပြီး ချော်လဲတယ် မဟုတ်လား၊ အဲ ... ချော်လဲ တော့ အဲဒီဟာလေးလည်း ပြုတ်ပြီး ထွက်ကျသွားတာ၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့ပ၊ အဲဒါလေး မရှိတော့ ပိုကောင်းတာပေ့ါ၊ ညည်းတစ်ဦးတည်းသော သမီးလေး ဖြစ်တာပေါ့အေ့ ... ဟဲ့ ... မိကြိုင် ... ကလေးကို နားလည်အောင် ချော့ပြောမယ် စိတ်မကူးဘူး၊ မသိလို့ မေးတဲ့ ဟာ မျက်နှာက မှုန် ကုတ်ကုတ်နဲ့ ...”

“အမေ့မြေးကိုက အမေးမြန်းလဲထူ ... စကားကလည်း များ ...”

“ညည်းငယ်ငယ်ကနဲ့ စာရင် ဒါအကင်းပဲ ရှိသေးတယ် သိသလား ... ”

အမေ့မျက်နှာက ပြုံးစေ့စေ့ ပြန်ဖြစ်လာကာ ကျွန်မခေါင်းကို အသာကလေးပွတ်သပ်ပေး နေသည် ။ အမေ ဤကဲ့သို့ ယုယလျှင် ကျွန်မတွင် ကျေနပ်ကြည်နူးမဆုံးပါ။ အမေသည် ခဏမျှ ပြုံးပြကာ ကျွန်မကို ပွတ်သီးပွတ်သပ်လုပ်နေပြီးမှ ရုတ်တရက် သတိရသလို ဝုန်းကနဲ ထလိုက်ရင်း ...

“နေဦး ... ဟိုဟာမတွေကို သတိပေးရဦးမယ် ...”

“ဘယ်ဟာမတွေတုန်း ...”

“အမေ့ချွေးမတွေပေ့ါ၊ ဟိုတစ်နေ့က အကြိုင့်သမီးကို ဖိုးကျော်အမေကျောကိုချတာ အမေ သိသလား၊ မြေနိမ့်ရာ လှံစိုက်ချင်တဲ့ ဟာမတွေ ... ”

အဖွားမတားလိုက်ရသေးခင် အမေ အခန်းထဲမှ လျင်မြန်စွာ ထွက်သွားသည် ။ တဝုန်းဝုန်းနှင့် အောက်ထပ်ညှော်ခန်းထဲ

ရောက်သွားပြီး ...

"ဒီမှာ ... မခင်သစ် ..."

မဂ္ဂဇင်းထိုင်ဖတ်နေသော ဖိုးကျော်အမေ ပခုံးကို ဖတ်ကနဲ သွားတို့လိုက်သည် ။ ဖိုးကျော် အမေက တွန့်ကာ အလန့်တကြား လှည့်ကြည့်လိုက်ပြီး အမေ့ကို မြင်သော် မျက်နှာထားတင်းလျက် ...

"ဘာတုန်း ..."

"ရှင့်ကို ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်သတိပေးလိုက်မယ်၊ ဟိုတစ်နေ့က ကျွန်မသမီး ကျောကုန်းကိုရိုက်တယ်ပြောတယ်၊ နောင်ဘယ်တော့မှ ဒါမျိုးထပ်မလုပ်ပါနဲ့ ..."

ဖိုးကျော် အမေ ဒေါ်ခင်သစ်က ဝုန်းကနဲထရပ်ရင်း ...

"အောင်မယ် ... သမီးက တို့လိုမအေကအဖြစ်သည်းနေလိုက်တာ၊ ဒီလိုပဲ ကိုယ့်ကလေးသူ့ ကလေး ဆုံးမရတာပဲအေ့ ..."

"ဆုံးမရအောင် ကျွန်မသမီးက ဘာတွေဆိုးနေလို့ လဲ၊ ရှင့်သားလို ဟင်းခိုးစားသလားဟင် ... ရှင့်သမီးလို သူများ အခန်းထဲဝင်ပြီး ကလစ်က အစ ... ဖဲပြားက အစ တိတ်တိတ်ယူသလားဟင် ..."

"ဟင် ... ကြည့်စမ်း ... ညည်းက လူပါးဝလို့ ... ညည်းအကို အမတွေက သနားလို့ မပြော ချင်လို့ ကြည့်နေတာ ကိုယ့်အပြစ်နဲ့ ကိုယ် အေးအေးနေပါ ... သူများ သားသမီးကို စော်ကား မော်ကား မုိုချိုး မှျစ်ချိုး မပြောနဲ့ ..."

"ပါးစပ်လေးနဲ့ ပြောတာတောင် ရှင် ဆွေ့ဆွေ့ခုန်ရင် ကျွန်မသမီး ကျောကို ကိုယ်ထိလက် ရောက်ရိုက်တာ ရှင့်ကို ဘာပြန်လုပ်ရမလဲ ... ပြော ..."

“အောင်မာ ... ညည်းက ဘာလုပ်ချင်လို့ တုန်း ... ဘာလုပ်ချင်လို့ တုန်း ...”

“နောက်တစ်ခါ ကျုပ်သမီးကိုထိရင် ဒီလိုလုပ်မယ် ရှင့် ... ကဲ ...”

အမေက ဖြတ်ကနဲရှေ့တိုးကာ မတ်မတ်ရပ်နေသော ဒေါ်ခင်သစ်ကို ရင်ဘတ်မှ ဝုန်းခနဲ ဆောင့်တွန်းလိုက်ရာ ဒေါ်ခင်သစ်သည် အားမတန် မဟန်နိုင်ဘဲ နောက်ဖက်လန်ကာ ကုလားထိုင် တွေကြားထဲ ဗရောက်ဗရက်ခတ်ကာ လဲပြိုကျသွားလေသည် ။ အမေက အရပ်မြင့်မြင့် သန်စွမ်းကျန်းမာစွာ ထွားထွားကျိုင်းကျိုင်း၊ ဒေါ်ခင်သစ်ဆိုတာက ပိန်သေးလိန်ကျစ် လူဗလံကလေး။ ဒေါ်ခင်သစ်မှာ ကုန်းထပြီး ရင်ဆိုင်လိုက်ဖို့ မရဲပဲ၊ အလဲလဲ အပြိုပြို အတုန်တုန် အရီရီနှင့် အော်ဟစ် ဆဲဆိုနေသည် ။

“ဟဲ့ ... ဘာဖြစ်နေတာလဲ ...”

ရုတ်တရက် အဖိုးရောက်လာသည် ။

“ဒီမှာ ... အဖေ့သမီးက ကျွန်မကို ကလေးချင်းတန်းတူထားပြီး ကိုယ့်ကလေးလိုပဲ သဘော ထားဆုံးမိတာပါ ... ကျွန်မကို သူက ...”

“တိတ်စမ်း ...”

အဖေက ချွေးမကို တစ်ချက်လှည့်ဟောက်ပြီး ...

“မိကြိုင် နင်ဘာလဲ ... ပြဿနာသိပ်ရှာချင်နေသလား၊ ဟုတ်လား၊ ဒုက္ခရောက် စုတ်ပြတ် ပြီး ပြန်ရောက်လာတာတောင် အမောက မကျိုးသေးဘူးလား၊ တော်တော်ကြွနေသလား၊ နင့် အနေ အထားက ဒီလို ဖြစ်နေစရာ အခွင့်အရေးရှိသလား ... ဟင်”

အမေ့မျက်နှာပြင်မှာ နီရဲကာ အေးစက်မာကျောနေသည် ။

"ကျွန်မက ... ဒုက္ခရောက်လို့ ခိုကိုးပါရစေဆိုပြီး ခေါင်းငုံ့မျက်ရည်ခံထိုးပြီး ဝင်လာတာမှ မဟုတ်တာ အဖေအမေက ပြန်လိုက်ခဲ့ပါဆိုလို့ ကျွန်မလိုက်လာတာ၊ ကျွန်မတို့ ဆင်းရဲပေမယ့် ငတ်ပြတ်ပြီး ဒုက္ခရောက်မနေပါဘူး၊ အမေဒီလို ခေါ်မလာရင်လည်း ကျွန်မ ပြန်လာစရာ အကြောင်း မရှိပါဘူး ..."

"အောင်မာ ... လေက ခုထိ မလျှော့ဘူး၊ ခုထိ နောင်တတရား မရသေးတဲ့ ကောင်မ နင် သိပ်ထောင်မနေနဲ့ ၊ ငါ ဒါပဲ ပြောမယ် ..."

"ကျွန်မ ဘာမှ ထောင်နေစရာအကြောင်းမရှိပါဘူး အဖေ၊ စိတ်ဆင်းရဲ စိတ်ဒုက္ခရောက် နေတဲ့ သူပါ၊ အမေခေါ်လို့ မိသားစု အရိပ်ထဲ ပြန်ခိုဝင်လာပါတယ် ... ဆီးကြိုနွေးထွေးတဲ့ သူ မရှိတဲ့ အပြင် ရင်ဂကို ဖနောင့်နဲ့ ဆီးပေါက်ကြတဲ့ သူချည်းပါပဲ၊ အမွေတစု ထပ်ပုံရမှာ ကြောက်တဲ့ သူက ကြောက်၊ တိုးတိုးတမျိုး ကျယ်ကျယ်တမျိုး စကားနာထိုးပြီး ဘယ်လိုမှ မပျော်နိုင်အောင် စိတ်မချမ်း သာနိုင်အောင် အမျိုးမျိုးလုပ်နေကြတယ် ... အဖေ အသေးစိတ် ဘာမှ မသိပါဘူး၊ အဖေသိတာက အဖေမကြိုက်တာ လုပ်သွားတဲ့ သမီးကို တစ်သက်ခွင့်မလွှတ်တဲ့ ဒဏ်မျိုးခတ်ထားဖို့ ပဲသိတာ၊ အဲဒီ သမီးက ပါလာတဲ့ မြေးကိုပါ မြေးချင်းတူတူ မျက်နှာသာမပေးဘဲ ဖိနှိပ်ထားဖို့ သာသိတာ ..."

အမေက မငိုဘဲ ပြောနေသော်လည်း ကျွန်မ ရှိုက်ငိုနေမိပါသည် ။ အဖိုးကား မျက်နှာထား ပို၍ သာ တင်းမာလာလျက် ...

"အေး ... ဖိတယ်ဟာ ... နှိပ်တယ်ဟာ ... ညည်း ဘာလုပ်ချင်သလဲ ... ညည်းအပြစ်နဲ့ ညည်း ..."

"အဖေပြောတဲ့ အပြစ်က ကျွန်မဆီမှာ ပါ၊ ကျွန်မသမီးမှာ မဟုတ်ပါဘူး ..."

"ညည်းသမီးလည်း ညည်းမိုက်လို့ လူဖြစ်လာတဲ့ အဆွယ်အပွား ... ငါကြည့်မရတဲ့ ရှုံ့တဲ့ အရက်သမားကောင်ရဲ့ သွေးပဲဟော့ ... ညည်းတုန်းက ဒီလို မဖိနှိပ်ခဲ့လို့ မိဘ မျက်နှာအိုးမည်းသုတ် သွားတာ ... ဒင်းကို ကြိုနှိမ်ထားရမယ်၊ ဒါမှ ညည်းလို ထောင်ထောင် ထောင်ထောင် လုပ်မလာမှာ ... ဟော့ ... ပြီးတော့ ငါ့မှာ သားသမီးတွေ အိမ်ထောင်ကျကုန်ပေမယ့် မြေးတွေတပုံကြီး လူဖြစ်ရ ဦးမယ်၊ အပျိုပေါက် လူပျိုပေါက်တွေလည်း ဖြစ်တဲ့ သူ ဖြစ် လာပြီ၊ ဒါတွေကို ထိန်းရ သိမ်းရဦးမယ်၊ ရှေ့မှာ အမှားလုပ်တဲ့ နမူနာပြပြီး ဒီအမှားကို ဒီလိုတစ်သက်လုံး ဒဏ်ခတ်တယ်၊ တစ်သက်လုံး မျက်နှာသာ မပေးဘူး ဆိုတာ စံပြလုပ်ထားရမယ် ... ငါမကြိုက်တာ လုပ်သွားရင် လုပ်တဲ့ ကောင်တင်မကဘူး ... သူ့အဆွယ်အပွားကိုပါ သူများ ထက် ပိုဖိနှိပ်မယ် ... ခွင့်မလွှတ်ဘူးဆိုတာ ... နောက် လူတွေကို သင်ခန်းစာပေးရမယ်ဟော့ ... ဒါပဲ ..."

"အဖေ့ ဝါဒကြီးက အမှားပဲ ... မိဘရင်ထဲ ပြန်ခိုဝင်လာသော်လည်း ဆီးကြိုခွင့်မလွှတ်ဘဲ တစ်သက်လုံး နလံမထူအောင် အပြစ်ဆက်ပေးသွားမယ်ဆိုရင် ... နောင်မှားဦးမယ့်သူတွေ ဘယ် တော့မှ နောင်တရပြီး အသနားခံပြီး ပြန်ခိုဝင်မလာတော့ဘူး ..."

"ခွေးမ ... ငါ့ထက် နင်တစ်လကြီးမနေနဲ့ ... မှားမယ် ဆိုတဲ့ သူတွေ မမှားရဲအောင် ငါလုပ် တာ ... မှားပြီး နောင်တရတာ မရတာ ငါ့ကိစ္စ မဟုတ်ဘူး ..."

"လူဆိုတာ မှားတတ်ကြတာချည်းပဲ အဖေ ... မှားကြဦးမှာ ပါ ... တစ်ခါမှားပြီးရင် ဘယ်တော့မှ နောင်တနဲ့ ပြန်မလာကြနဲ့ တော့လို့ မလာရဲအောင် အဖေလုပ်နေတာပဲ ..."

အဖိုးမျက်နှာမှာ ကွဲအက်မလိုတင်းကာ တဆတ်ဆတ် ယိမ်းထိုးလာ

ရင်း ...

"လုပ်တော့ ဘာဖြစ်သလဲ ... နင်ဘာပြောချင်သလဲ ... နင် ဘာလုပ်ချင်သလဲဟင် ..."

"မလုပ်ချင်ပါဘူး အဖေ ... ကိုယ်က မေတ္တာပြန်ရမလားလို့ လိုက်လာပေမယ့် ... မရတဲ့ အပြင် အကို အမတွေရော အဖေပါ ... အမျိုးမျိုး အပြစ်ရှာနေတော့ အိမ်မှာ နေရတာ ကျွန်မ ဘယ် ပျော်မလဲ ... အိမ်မှာ နေရင် ပြဿနာတက်နေရတာ ကျွန်မဘယ်အိမ်ကပ်မလဲ ... လွတ်ရာ အေးရာ အပြင်ထွက်နေရတာပေ့ါ ဒါပါပဲ ..."

"ထွက်ထွက် ... နင့်ဟာနင် လမ်းပေါ်မှာ ဘာဖြစ်ဖြစ်၊ ဒီတစ်ခါ မဟုတ်တရုတ်ဖြစ်ရင် ငါ့အိမ် တက်မလာနဲ့ တော့ဟေ့ ..."

"ကျွန်မကလည်း အမေရှိလို့ သာ နေနေတာပါ။ ဘာမှ လည်း မပြောပါဘူး၊ ကျွန်မသမီးကို ထိလာလို့ စကားလုပ်ပြောရတာပါ ..."

"ထိတော့ ဘာလုပ်ချင်လဲ ... နင့်သမီး ဘာသောက်သုံးကျတဲ့ ဟာမမို့လဲ ... ထိတယ်ဟယ် ... ထိတယ် ..."

ဒေါသကြီးလှသော အဖိုးသည် ကျွန်မကို လှေကားထစ်ပေါ်မှ ဆွဲချသည် ။ ကျွန်မ မရုန်းကန် နိုင်ဘဲ တလိမ့်ခေါက်ကွေး ဒရွတ်တိုက်ပါလာရပါသည် ။ ဧည့်ခန်းထဲရောက်လျှင် အဖိုးသည် ပါးစပ်မှ အဆက်မပြတ်အော်ဟစ်လျက် 'လုပ်တယ်ဟယ် ... ထိတယ်ဟယ်'နှင့် ကျွန်မကို နီးရာကျောပြင် တင်ပါး ပေါင် ခြေသလုံးတို့ ကို ထုတယ် ရိုက်တယ် ဒရစပ် မွှေ့ယမ်းတွန်းထိုး ထိပါးပါတော့သည် ။

အဖွား၏ အော်သံ ငိုသံ ကျွန်မ၏ အော်သံ ငိုသံ အဖိုး၏ အော်ဟစ်သံ ရိုက်နှက်သံတို့ အိမ်ထဲ ပွက်လောရိုက်ကာ ငရဲပြည်ကဲ့သို့ ဖြစ်နေပါတော့

သည် ။ အမေကား မငို။ အံတင်းကြိတ်ကာ တခဏ ငေးကြည့်နေပြီး ချာကနဲလှည့်ကာ အိမ်ပေါ်မှ ဆင်းသွားပါတော့သည် ။

"အမေ ... အမေရေ ..."

အရိုက်ခံနေရဆဲ တန်းလန်းမှ အမေ့ကို အော်ဟစ်ခေါ်ကာ ပြေးလိုက်ဖို့ ကြိုးစားသော်လည်း အဖိုးလက်မှ မလွတ်။ အဖိုးကား ကြောက်စရာကောင်းလောက်အောင် ဒေါသကြီးသူတစ်ယောက် ပေတည်း။ အမေ့အာခံမှုကြောင့် ကျွန်မအပေါ်မဲပြီး ရိုက်လိုက်သည် မှာ ကျွန်မ အိပ်ရာထဲ မထနိုင် အောင် လဲရသည် အထိပင်။

"ရှင်ရက်စက်လှချည်လား၊ ရှင်ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ဒါ ရှစ်နှစ်ရှင့် ရှစ်နှစ်၊ ဘာ အပြစ်မှ မရှိတဲ့ ကလေး၊ ရှင်လူမှ ဟုတ်ရဲ့ လားဟင်၊ ရှင့်သားသမီး ချွေးမတွေရှိသမျှ ကိုယ်စီမိုက်လုံး ကြီးနေကြတာ၊ ကိုယ်ရင့်တဒူကြီးတွေကျတော့ ရှင်ဒီလိုပဲ ဆွဲလွဲရိုက်သလား၊ မကောင်းတတ်လို့ ငြိမ်ခံနေရတာတွေ အများကြီးရှင့်၊ ဒီကလေးလေး ... ဘာမှ အပြစ်မရှိတဲ့ ဟာကို သူ့မအေကို မဲတာနဲ့ ဒီလောက်ရိုက်ရသလား ... ဟင် ရှင်ရက်စက်လှချည်လား ... ဦးသတ္တိကောင်းကြီးရဲ့ ..."

"တိတ်စမ်း အဖွားကြီး၊ နင့်ပါရိုက်ပစ်လိုက်မယ် ..."

"အမလေး ရိုက်လိုက်စမ်းပါတော်၊ ခွန်အားကြီးတဲ့ သူက မရှက်လို့ အနိုင်ကျင့်တာ ... ကျုပ်တို့ က ခံရပါတယ် ... ရှင့်အရွယ်နဲ့ ဒီကလေးအရွယ် ခွန်အားဗလ လူကောင်ချင်းယှဉ်ဦး၊ ခံမလုပ်နိုင်တဲ့ ၊ ကလေးကို ဒီလောက် နှိပ်စက်လိုက်ရတာ ရှင့်ကိုယ်ရှင် တယ်တော်လှပြီ မှတ်သလား လက်မရွံ့ကြီးရဲ့ ..."

ကျွန်မသည် တစ်ကိုယ်လုံး ဖွဲအိတ်လို မျော့မျော့ကြေကာ ကြမ်းပေါ်ပုံကျနေလျက်သား။ အဖွားက မနိုင်တနိုင် မယူကာ ပွေ့ခေါ်သွားပါသည် ။

အဖြစ်အပျက်ကို ပြဇာတ်ကနေသလို ငေးကြည့်နေကြသူ တစ်ပုံကြီးမှာ တစ်ယောက်မှ အဖွားကို မကူပါ။ အားလုံးဟာ ကျွန်မတို့ သားအမိ ကို လွှင့်ထွက်သွားစေချင်သည် ပဲဆိုတာ ကျွန်မနားလည်ခဲ့ပါသည် ။

အမေထွက်သွားတာကို ဟန်လုပ်ဆွဲမည့်သူမရှိ။ အားလုံးသည် မပြုံးရုံတမယ် ကျေကျေနပ် နပ် ကြည့်နေကြသည် ။ အဖွားသာ ကျွန်မအနီး၌ ငိုရှိုက်ကာ ဒဏ်ရာအရှိုးများကို ကျပ်ထုပ်ထိုးပေး ဖော်ရပါသည် ။

“ဆင်းသွားသလား ဟိုကောင်မ ... ကောင်းတယ်၊ အလေနတောနဲ့ ယူပြီး အရှက်ခွဲသွား ပြီးမှ ပြန်တက်လာတာ ငါ့မျက်ခွက် ဘယ်နားသွားထားရမှန်းမသိဖြစ်နေတာ၊ ပြန်ဆင်းသွားမှ အေးတယ် ...”

ညနေတွင် ပြန်ရောက်လာသော ဦးကြီးအကြီးက ကြမ်းတမ်းစွာဆိုသည် ။

“ဟဲ့ ကောင် ... နင့်စိတ်ထဲ အဲသလောက်ရက်စက်တဲ့ ဥပေက္ခာ ဘယ်လိုရှိရှိ နောက်တစ်ခါ ငါကြားအောင်ပြောရင် အသိပဲ ... ကြားရဲ့ လား ...”

အဖွားက ရှိုက်သံပါကြီးနှင့် လှမ်းအော်သည် ။ ဦးကြီး အကြီးမျက်နှာကို ကြည့်ပြီး မုန်းတီး လိုက်သည် မှာ ကျွန်မလျှာတွေပင် ခါးလာပါသည် ။

“အမေ့ကိုက အသဲနုတာ ... ဟိုဟာမက သူတော့ကော့ဆင်းသွားပြီး သူ့ဒုက္ခထုပ်ကျတော့ ထားရစ်တယ်ပေါ့ ... ဒီလူမဖြစ်တဖြစ်ကို အိမ်ပေါ်ကဟာတွေက ကျွေးရ တာဝန်ယူရဦးမယ်ပေါ့ ...”

“နင့်ပါးစပ်ပိတ်ထားစမ်း မောင်သောင်း၊ နင်တို့ နှမ်းတစေ့စာ ရှာကျွေးစရာမလိုဘူး၊ ငါ့မြေး ငါရှာကျွေးမယ်၊ ငါစားရမယ့်ထဲက ကျွေးမယ်

ဟော့ ... ဘယ်သူမှ ပါးစပ်မဟနဲ့ ... ငါ့မှာ ငါ့ပိုက်ဆံ ငါရှိတယ် ... ငါ့စိန် ငါ့ရွှေရှိတယ်၊ ဒါဟာ ဒီမြေးမလေးကံဆိုးမလေး တစ်ယောက်ထဲအတွက် ဆိုတာ နင်တို့ အားလုံး မှတ်ထားလိုက်ကြ ...”

ဦးကြီး ဦးသောင်းမျက်နှာပျက်သွားကာ ...

“အမေက မြေးတွေရှိတာချင်းအတူတူ ဒီတစ်ယောက်မှ ကွက်ပြီး ...”

“အေး ... ဘာဖြစ်သလဲ ... ဒီတစ်ယောက်ထဲလေးပဲ ကွက်ပြီး မျက်နှာငယ်ရ ကံဆိုးရ ... ဖြစ်ရှာတာ ...”

“သူ့အမေကဖြင့် အိမ်အတွက် ဘာအကျိုးပြုသလဲ ... ကျွန်တော်တို့ ကျန်တဲ့ မောင်နှမတွေ ယောက်ဖတွေသာ စက်ထဲမှာ တစ်ယောက်တစ် လက်နဲ့ ...”

“ဟော့ကောင် ...”

အဖိုးအသံကြီးက ကျောချမ်းစရာ ထွက်လာပြန်သည် ။

“ဘာမှ လာပြီး ပဏ္ဍာယူမနေနဲ့ ... မင်းတို့ အားလုံးလည်း အသော က်အစားနဲ့ ကစားသမား၊ ဘယ်သူ့ ဘယ်သူမှ ကောင်းကြတဲ့ ကောင်တွေ မဟုတ်ဘူး ... ထွီ ...၊ ကိုယ့်ဟာနဲ့ ကိုယ် ပညာမစုံပဲ ... ကိုယ့်အလုပ်ကို ယ် မဖန်တီးနိုင်ဘဲ၊ ကယောင်ကတမ်းဖြစ်နေမယ့် တူတူဆိုပြီး အားလုံး ငါ့စက်ထဲ ငါ့အလုပ်ပေးထားရတာ၊ သားတွေလည်း သားမို့ ... သားမက် တွေလည်း သားမက်မို့ ... ဘယ် လောက်လက်ကြောတင်းသလဲ ... ငါမ ကောင်းတတ်လို့ အလုပ်ထဲ ထည့်ထားလို့ မင်းတို့ လစဉ် လခ အမြိန့် သား ယူနေရတာ ... ဘာမှ ဖိဖိစီးစီး မျက်နှာလွှဲရတာ မဟုတ်ဘူး ၊ ကောင်းတာဆိုလို့ တစ်ကောင်မှ မရှိဘူး၊ အားလုံးကို ငါပဲ ကျွေးနေတာ မြဲမြဲမှတ်ထား ... ဘယ်ကောင်မှ လူပါးဝ စကား မပြောနဲ့ ၊ အလုပ်မရှိလို့

ရှိပါစေတော့ဆိုပြီး ကူခိုင်းတာ ဟော့ကောင် ... မလုပ်လို့ ဖြစ်တယ် ... မင်းတို့ ရှိတာပိုတောင် အလေအလွင့်များ သေးတယ် ... မင်းတို့ ကိုသာ အားကိုးပြီး စားရမယ်ဆိုရင် ငါ့လျှာ ပေါ် မြက်တောင်ပေါက်လောက်ပြီ ... ဘာမှ အသားမယူနဲ့ ... အေးအေးနေ .. အေးအေးစားနေကြ ... ကလန်ကဆန်လုပ်ချင်ရင် အိမ်ပေါ်က ခေါင်းနဲ့ ဆင်းကြ ...”

ကျွန်မမှာ တဆတ်ဆတ်တုန်ပြီး အဖွားကိုသာ အားကိုးတကြီးဖက်ထားရပါသည် ။ အဖိုးက ထိုညနေတွင် ကျွန်မအခန်းသို့ တစ်ချက်လာကြည့်ပါသည် ။ အခန်းဝမှာ နှုတ်ခမ်းမွှေးကြီးဦးစွာ မြင်ရလျှင် ကျွန်မခေါင်းပုပြီး အဖွားလက်ကို တင်းကျပ်စွာ ဆုပ်ထားမိပါသည် ။

“ဟဲ့ ကောင်မလေး ... နာသေးလား ...”

အဖိုးအသံမှာ တမင်ဩထားသလို လုံးနေသည် ။ ကျွန်မဘာမှ မပြော ...

“ဟဲ့ ကောင်မလေး ... မေးနေတာ မကြားဘူးလား ...”

ကျွန်မစိတ်ကျဉ်းကျပ်ကာ မျက်ရည်ဝဲလာသည် ။ ဘာမှ တော့ မဖြေ။ အဖိုးကို ကြောက်လဲ ကြောက် ... မုန်းလဲ မုန်း ...။

“တယ် ... ဒီဟာမလေး ခံတန်တန်နဲ့ မဖြေဘူး၊ မအေ အချိုးချိုးချင်တယ် ...”

“အော် ... ရှင်ကလည်း ၊ ရှင့်အသံကြီးကို ကလေးက ကြောက်တာပေါ့ ... ပြီးတော့ နာသေး လား မေးစရာလား၊ မေးမနေနဲ့ ... နောက်နေ့အထိ နာဦးမှာ ၊ ကိုယ်ပဲရိုက်ပြီး၊ ကိုယ့်လက်ဆကိုယ် မသိဘူးလား ... သွားပါတော် ... ကလေးက ငိုတော့မယ် ...”

"ဟင်း ..."

အဖိုး မကျေမနပ် 'ဟင်း'ကနဲလုပ်ပြီး ထွက်သွားသည် ။

"မြေးလေးရယ် ... အဖိုးက သတင်းမေးလာရှာပါတယ်၊ စိတ်ပြေလိုက်ပါနော် ...၊ မြေးလေး အမေကို အဖိုးက သိပ်ချစ်တာကွဲ့၊ အချစ်ဆုံး၊ အချစ်ကြီးလို့ အမျက်ကြီးပြီး မပြေနိုင်အောင် ဖြစ်နေတာပါကွယ် ... မြေးလေးကို ရိုက်တာလည်း ရိုက်ချင်လို့ မဟုတ်ဘူး ... ညည်းအမေကို ဒေါသဖြစ်လို့ ကွဲ့၊ သူ့ဒေါသသူမထိန်းနိုင်တာ၊ ဒါလည်း လူမိုက်တစ်မျိုးပေါ့ကွယ် ... ဟုတ်လား၊ ကဲ ... ထ ... ထ ဟောလစ်လေးသောက်နော် ... မြေးလေး ..."

ကျွန်မသည် ဤကဲ့သို့ အဖွားတစ်ယောက် ကျွန်မအတွက် ဖန်ဆင်းပေးထားသော မြတ်စွာ ဘုရားသခင်အား ငယ်စဉ်မှ ကြီးသည် ထိ ... ကျေးဇူးကြီးမြတ်စွာ တင်ရှိမဆုံး ရှိခဲ့ပါသည် ။

*